**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

**ပြည်ထောင်စုဝန်ကြီးရုံး**

**<u>အမိန့်ကြော်ငြာစာ</u>**

အမှတ်၊ ၉၂/၂၀၁၈

နေပြည်တော်၊ ၁၃၈၀ ခုနှစ်၊ နတ်တော် လပြည့်ကျော် ၂ ရက်

(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်)

**"အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုဗဟိုဌာန" (PPP Center)အတွက် ဦးဆောင်ကော်မတီဖွဲ့စည်းခြင်း**

၁။ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (Myanmar Sustainable Development Plan-MSDP) တွင် ပါရှိသော မဟာဗျူဟာနှင့် လုပ်ငန်းစဉ်များကို ထိရောက်စွာဆောင်ရွက်နိုင်ရန် နှင့် စီမံကိန်းဘဏ်အတွင်းရှိ စီမံကိန်းများကို တိကျသော လုပ်ငန်းစဉ်များဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် စီမံကိန်းဘဏ် ( Project Bank ) ဆိုင်ရာ ညွှန်ကြားချက် ကိုထုတ်ပြန်ခဲ့ပါသည်။

၂။ ယခုအခါ စီမံကိန်းဘဏ် (Project Bank) ဆိုင်ရာ ညွှန်ကြားချက်အပိုဒ် (၁၁) ပါ ပြဋ္ဌာန်းချက်အရ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဗဟိုဌာန (PPP Center) ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ဦးဆောင်ကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | အမြဲတမ်းအတွင်းဝန်<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>ငွေတိုက်ဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန | တွဲဖက် အတွင်းရေးမှူး(၁) |

(ဓ) အမှုဆောင်ဒါရိုက်တာ　　　　　　　　တွဲဖက် အတွင်းရေးမှူး(၂)
မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်း

၃။ PPP Center ၏ အဓိကတာဝန်မှာ စီမံကိန်းဘဏ်သို့ ထည့်သွင်းလာသည့် စီမံကိန်းများ အနက် အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်ခြင်းနည်းလမ်းဖြင့် ဆောင်ရွက်နိုင်မည့် စီမံကိန်းများ ကို ရှာဖွေဖော်ထုတ်ရန်နှင့် အောက်ဖော်ပြပါ လုပ်ငန်းစဉ်များကိုလည်း အကောင်အထည်ဖော်ရန်ဖြစ် သည်-

(က) အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စီမံကိန်းများ ဖော်ထုတ်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ခြင်းကိုအထောက်အကူပြုရန်၊

(ခ) စီမံကိန်းဘဏ်ရှိ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စီမံကိန်းများနှင့် ဆက်စပ်သည့်ကိစ္စရပ်များကိုစီမံခန့်ခွဲရန်၊

(ဂ) အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စီမံကိန်းများ ဖော်ထုတ်ခြင်း၊ စီမံကိန်းတင်ဒါခေါ်ရန် ပြင်ဆင်ခြင်း၊ တင်ဒါခေါ်ယူခြင်းနှင့် စီမံခန့်ခွဲခြင်းများအတွက် လိုအပ်ချက်များ၊ လမ်းညွှန်ချက်များ၊ ပုံစံများနှင့်လုပ်ထုံးလုပ်နည်းများရေးဆွဲရန်၊

(ဃ) အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအားစောင့်ကြပ်၍ လိုအပ်သည်များကိုတင်ပြရန်၊

(င) အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာမူဝါဒများပြုပြင်ပြောင်းလဲရေးအတွက် လေ့လာဆန်းစစ်ချက်များနှင့် အကြံပြုချက်များပေးရန်။

၄။ PPP Center ၏ ဦးဆောင်ကော်မတီသည် အထက်အပိုဒ် (၃)ပါ လုပ်ငန်းတာဝန်များအပြင် စီမံကိန်းဘဏ် ( Project Bank ) ဆိုင်ရာ ညွှန်ကြားချက်တွင် ဖော်ပြထားသည့် PPP Center နှင့် ဆက်စပ်သည့်လုပ်ငန်း တာဝန်များကို ဆောင်ရွက်ရန် ဖြစ်သည်။

၅။ PPP Center ၏ ရုံးလုပ်ငန်းများကို PPP Center ၏ ဦးဆောင်ကော်မတီပါ သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းအသီးသီးက ပေါင်းစပ်ညှိနှိုင်း၍ ဆောင်ရွက်ရန်ဖြစ်သည်။ အဖွဲ့၏ လုပ်ငန်း တာဝန် များနှင့် စပ်လျဉ်း၍ အခါအားလျော်စွာ ပေါ်ပေါက်လာသော ကိစ္စရပ်များကို ပေါင်းစပ်ညှိနှိုင်းနိုင်ရေး အတွက် အစည်းအဝေးများခေါ်ယူရန် ဖြစ်ပါသည်။

စိုးဝင်း
ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ စဘ/စီမံ- ၁/၃ /၂၆ (၁၀၇၀၉ /၂၀၁၈)
ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်

**ဖြန့်ဝေခြင်း**

ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ

ပြည်ထောင်စုဝန်ကြီးဌာနများ
တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ
စည်ပင်သာယာရေးကော်မတီများ
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့်အဖွဲ့အစည်းများအားလုံး
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနသို့ မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်း ကြေညာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။

အမိန့်အရ

24/12/2018
(ထွန်းထွန်းနိုင်)
အမြဲတမ်းအတွင်းဝန်